NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# ဂျန်ဒါအခြေပြု အကြမ်းဖက်မှုပပျောက်ရေး လှုပ်ရှားမှုဆိုင်ရာ ထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်

၁။ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် စတင်သော ဂျန်ဒါအခြေပြု အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုကာလတွင်တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးလုံးတွင် ပြည်တွင်းစစ် ပဋိပက္ခများ ဖြစ်တိုင်း အမျိုးသမီးများနှင့် ကလေးများကို မုဒိန်းမှုအပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို စစ်လက်နက် တစ်ခုအဖြစ် အသုံးပြုကာ ယနေ့အချိန်အထိ ကင်းလွတ်ခွင့်ဖြင့် ကျူးလွန်ခွင့် ရနေသည့်အပေါ် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ရပ်တန့်ရန် (နိုင်ငံတကာအဖွဲ့အစည်းများမှ အကြမ်းဖက် စစ်အုပ်စု အားအရေးယူရန်) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) မှ တောင်းဆိုသည်။

၂။ မြန်မာနိုင်ငံသည် ရှည်လျားသော ပြည်တွင်းစစ်ပဋိပက္ခများ ဖြစ်ပွားနေသော နိုင်ငံဖြစ်ပြီး အမျိုးသမီးများ အပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများ ပိုမိုများပြားလာသည့် အဓိက အကြောင်းအရင်းမှာ တန်းတူရေး မရှိပဲ ဖိုဝါဒကြီးစိုးသည့် စနစ် ကျင့်သုံးခြင်း နှင့် စစ်အာဏာရှင်စနစ် ကြောင့်ဖြစ်သည်။ အမျိုးသမီးများသည် မြန်မာ့တော်လှန်ရေးတစ်လျောက်တွင် ပါဝင်လာခဲ့ပြီး ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း တော်လှန်ရေးတွင်လည်း ရှုပ်ရှုပ်ချုံချုံ အလွှာ အသီးသီးမှ ပါဝင်တိုက်ပွဲဝင်ခဲ့သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးသည့်နောက်ပိုင်းတွင် မိမိတို့ လက်လှမ်းမီသည့် မှတ်တမ်းအရ ၂၃၂၇ ဦးကျော် သတ်ဖြတ်ခံရသည့်အနက် အမျိုးသမီး ၃၀၈ ဦး အသတ်ခံရခြင်း၊ ၁၆၄၃၂ ဦး မတရားဖမ်းဆီးခံရသည့်အနက် အမျိုးသမီး ၃၄၃၄ ဦး မတရားဖမ်းဆီးခြင်းခံခဲ့ရသည်။ အကြမ်းဖက်စစ်အုပ်စုသည် အရွယ်မရောက်သေးသည့် ကလေးငယ်များအပါအဝင် အမျိုးသမီးများကို မုဒိန်းကျင့်ပြီး သတ်ဖြတ်သည်မှာ ၁၂ မှုရှိခဲ့သည်။ ထို့အပြင်အကြမ်းဖက်စစ်အုပ်စုသည် ကလေးငယ်များနှင့် အမျိုးသမီးများကို သတင်းမီဒီယာများ ဖော်ပြချက်အရ အမျိုးသမီးများကို မုဒိမ်းကျင့်ပြီး မီးရှို့သတ်ဖြတ် လက်စဖျောက်သည့် အမှုများ (၄၀) မှုအထက်ရှိပြီး၊ အုပ်စုလိုက်မုဒိန်းကျင့်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း နှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အပြစ်မဲ့ပြည်သူများအပေါ် စစ်လက်နက်တစ်ခုအဖြစ် ဆက်လက်ကျင့်သုံးကာ စစ်ရာဇဝတ်မှုများကို ကျူးလွန်လျက်ရှိသည်။ သို့သော် ဤကဲ့သို့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင် အကြမ်းဖက်မှုများ၊ စစ်ရာဇဝတ်မှုများကို နေ့စဉ်နှင့်အမျှ ကျူးလွန်လျက် ရှိနေသော်လည်း ကျူးလွန်နေသူများမှာ အပြစ်ပေးအရေးယူ ခံရခြင်းမရှိပဲ ပြစ်ဒဏ် ကင်းလွတ်ခွင့် ရရှိနေသည်အပေါ် ပြင်းထန်စွာ ရှုတ်ချသည်။

NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

၃။ မိမိတို့ တော်လှန်ရေးအင်အားစုများမှ ဖိုဝါဒကြီးစိုးသည့် အတွေးအခေါ်များလွှမ်းမိုးကာ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှကို တိုက်ဖျက်ကာ တန်းတူရေးကို အာမခံသည့် ဖက်ဒရယ်စနစ်တည်ဆောက်နိုင်ရန်အတွက် အမျိုးသမီးများ၏ ပါဝင်မှု၊ ခေါင်းဆောင်မှုကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီမှ အလေးထားကာ နိုင်ငံရေးဦးဆောင်မှု မူများကို ချမှတ်လုပ်ဆောင်နေသည်။ ထို့ကြောင့် မိမိတို့မှ သမိုင်းစဉ်ဆက် အမျိုးသမီးများကို ဖယ်ကျဉ်ထားပြီး ခွဲခြားဆက်ဆံမှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ရပ်တန့်နိုင်ရန်အတွက် ကျူးလွန်ခံရသူများ၏ တရားမျှတမှုကို ရှေ့ရှုကာ တာဝန်ယူမှုတာဝန်ခံမှုရှိစေရန် ကျူးလွန်သူများကို ချက်ခြင်းခြွင်းချက်မရှိ နိုင်ငံတကာ အပြစ်ပေးအရေးယူမှုဆိုင်ရာ ယန္တရားများတွင် အရေးယူပေးရန် တောင်းဆိုသည်။

၄။ ထို့အပြင် ပြည်တွင်းစစ် ပဋိပက္ခများကြောင့် စစ်ဘေးရှောင်ဒုက္ခသည်များအပါအဝင် အကူအညီလိုအပ်သော ပြည်သူလူထုများအား လူသားချင်းစာနာမှုအကူအညီကို ထိရောက်စွာ ကူညီပံ့ပိုးနိုင်ရန်အတွက် မိမိတို့တော်လှန်ရေးအင်အားစုများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ရန် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီမှ တိုက်တွန်းသည်။

**အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)**

ဆက်သွယ်ရန် - office@nucc-federal.org